Happy Father's Day Happy Father's Day




## ဖေ့ဖေ့အချစ်ဆုံး

တရက်မှာ ကျွန်တော့်ရဲ့ ပရော်ဖက်ဆာဟာ သူ့အကြောင်းကို သူအောက်ပါအတိုင်းပြောပြခဲ့ပါတယ်။

“ကျွန်တော်ဟာ သားသမီး(၁၃)ဦး ထွန်းကားခဲ့တဲ့မိဘကနေပေါက်ဖွားလာတဲ့သားတစ်ယောက်ဖြစ်ပါတယ်။ တစ်ရက်မှာ ကျွန်တော်ဟာ အိမ်ရှေ့လမ်းမပေါ်မှာ ကလေးသဘာဝအလျောက်ဆော့ကစားနေရင်းနဲ့ ရေငတ်လာတဲ့အတွက် ရေသောက်ဖို့ အိမ်ထဲကိုပြန်ဝင်လာခဲ့ပါတယ်။ ဒီအချိန်မှာဘဲ အဖေလည်း အလုပ်ကနေပြန်လာပြီး နေ့လည်စာစားဖို့ပြင်ဆင်နေတာကို ကျွန်တော်တွေ့လိုက်ရပါတယ်။ သူ့အနားမှာ အိမ်နီးချင်း ဧည့်သည်လူကြီးတစ်ဦးထိုင်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်မီးဖိုချောင်ထဲမှာရှိနေပြီး ကျွန်တော်ရှိနေတာကိုတော့ သူတို့မသိကြပါဘူး။ ကျွန်တော်လည်း ရေသောက်နေရင်း လူကြီး(၂)ဦးပြောနေတဲ့စကားသံတွေကို အတိုင်းသား ကြားနေရပါတယ်။ ဧည့်သည်လူကြီးက “ဦးဂျိုး . . . မင်းကို တွေ့ရင် မေးမယ်မေးမယ်လို့စိတ်ကူးနေတာတော့ကြာပါပြီ။ ဒါပေမယ့် တခါမှ မမေးမိသေးဘူး။ အခုတော့ ကြုံလို့မေးရမယ်။ မင်းမှာ ကလေး(၁၃)ယောက်ရှိတယ်ဆိုတော့ ဘယ်ကလေးကို မင်းအချစ်ဆုံးလဲဆိုတာကိုပြောပြစမ်းပါအုံး”လို့ မေးလိုက်ပါတယ်။




ဒီလိုမေးသံကိုလည်းကြားရော ကျွန်တော်လည်း တံခါးနောက်ကွယ်ကနေ နားစွင့်ရင်း “ကျွန်တော်ဖြစ်ပါစေ၊ ကျွန်တော့်နာမည် အဖေထုတ်ပြောပါစေ”လို့ မျှော်လင့်ချက်ထားခဲ့လိုက်မိပါတယ်။ ဒီအချိန်မှာဘဲ အဖေက “ဒီမေးခွန်း ကိုဖြေဖို့လွယ်ပါတယ်။ အဲဒါမေရီဘဲလေ။ ဒီကလေးမလေးက အသက်(၁၂)နှစ်ရှိပြီး၊ သူ့ရဲ့သွားတွေက ခေါနေလို့ ယခုသွားပြုပြင်ဖို့အတွက် ပါးစပ်ထဲမှာ ဘရေ့စစ် (braces) ကြီးဝတ်ထားရတော့ အိမ်အပြင်ထွက်ရမှာတောင် သူ့ခမျာ ရှက်နေရှာတာ။ ဒါကြောင့် မေရီလေးတစ်ယောက် အခုတလော အိမ်ပြင်လုံးဝမထွက်တော့ဘူးလေ”လို့ပြောရင်း “အော-ခင်ဗျားမေးတာ ကျွန်တော့်ရဲ့အချစ်ဆုံးကလေးနော်၊ အဲဒါဆိုရင်တော့ အသက် (၂၃)နှစ်ရှိတဲ့ပီတာဘဲပေါ့။ သူ့ရည်းစားလေးက စေ့စပ်ပွဲလုပ်ပြီးခါမှ သူ့ကိုစွန့်ပစ်သွားတာပါ။ ယခုဆိုရင် သူတစ်ယောက်တည်း အထီးကျန်ဆန်သွားခဲ့ပြီပေါ့။ အင်း ကျွန်တော်တကယ်ချစ်တဲ့ကလေးဆိုတာကတော့မိုက်ကယ်ပါ။ ဒီကလေးကတော့ ဘယ်အားကစားဘဲဖြစ်ဖြစ်ဝင်ပါချင်တယ်။ ပြီးတော့လည်း တလွဲတွေကြီးဘဲဖြစ်

Happy Father's Day Happy Father's Day

လာတာပါဘဲ။ အင်း  တကယ်တမ်းကျတော့ သမီးလေးစူစန်ကတော့ကျွန်တော့်ရဲ့မျက်စေ့ထဲမှာ သိပ်ချစ်စရာ ကောင်းနေပြန်တယ်။ သမီးရဲ့အသက်က(၂၄)နှစ်ဘဲရှိသေးတယ်။ သူ့ဟာနဲ့သူ အိမ်ငှားနေနေတယ်လေ။ ဒါပေမယ့် သူအရက်သိပ်သောက်တော့ဒီသမီးအတွက်ကျွန်တော်ငိုရတယ်။ သူ့အကြောင်းစဉ်းစားမိတိုင်း ကျွန်တော်မျက်ရည်ကျမိတယ်။ အေးလေ ကျွန်တော့်ကလေးအားလုံးထဲမှာဆိုရင်တော့. . .” မှစ၍ အဖေဟာ သားသမီး(၁၃)ယောက်စလုံးရဲ့ အမည်နာမများကို တစ်ဦးချင်း ထုတ်ဖော်ခဲ့ပြီးမှ အားလုံးကို သိပ်ချစ်ရကြောင်းနဲ့ အားလုံးဟာ သူ့ရဲ့အချစ်ဆုံးဖြစ်ကြောင်းတို့ကို ပြောပြသွားခဲ့ပါတယ်။

ထိုပရော်ဖက်ဆာဟာ အထက်ပါအကြောင်းအရာကို ပြောကြားပြီးတဲ့အခါမှာတော့ နိဂုံးချုပ်စကားကိုအောက်ပါအတိုင်းပြောရင်း ကျွန်တော်တို့ကို သင်ခန်းစာပေးသွားခဲ့ပါတယ်။ ကျွန်တော့်အဖေနဲ့အိမ်နီးနားချင်းတို့ စကားပြောခဲ့ကြတာကို နားထောင်ပြီးတဲ့အခါမှာတော့ အဖေ့ရဲ့အချစ်ဆုံးသားသမီးဆိုတာ အဖေ့ရဲ့အကူအညီကိုအများဆုံးလိုအပ်တဲ့သားသမီးဘဲဆိုတာကို ကျွန်တော်သိသွားပါတယ်။

ထိုနည်းတူစွာ ကောင်းကင်ဘုံ၌ရှိတော်မူသော အဖခမည်းတော်ဟာ သူ့ကိုလိုအပ်တဲ့သားသမီးတိုင်းကို သူသိပ်ချစ်ပါတယ်။ သူ့ကိုယုံကြည်ကိုးစားပြီး အရာရာတိုင်းမှာ သူ့ကို အားကိုးတဲ့သားသမီးကို သူအချစ်ဆုံးဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နှစ်ခြင်းဆရာယောဟန်လို သန့်ရှင်းစင်ကြယ်သည်ဖြစ်စေ၊ မာဂဒါလမာရိလိုအပြစ်များသည်ဖြစ်စေ ဒါတွေကသူ့အတွက်အဓိကမကျပါဘူး။ သူ့အတွက် အဓိကကျတာကတော့ သူ့ကို ယုံကြည်ကိုးစားခြင်းဘဲဖြစ်ပါတယ်။

သူ့ရဲ့မေတ္တာကို ကျွန်တော်တို့ တုန့်ပြန်နိုင်တဲ့နည်းကတော့ ကောင်းသောခရစ်ယာန်အသက်တာမျိုးနဲ့ အသက်ရှင်ခြင်းဘဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို ဖော်ပြရရင် သူဟာကျွန်တော်တို့သူတော်စင်၊ သူတော်ကောင်းဖြစ်တဲ့အထိ မစောင့်ဘဲ ကျွန်တော်တို့ကို အရှိအတိုင်းဘဲချစ်နေတယ်ဆိုတာကတော့ ထင်ရှားပါတယ်။

*** အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြု၏။*

*(ယေရမိ၊၃၁း၃)*

*စတယ်လာဝေ*

*(Brennan Manning ၏ The One The Father Loves The Most From Lion And Lamb ကို ဆီလျော်အောင်ဘာသာပြန်ဆိုသည်)*

❑❑❑❑❑❑❑❑




